# စေတနာမမှန်သော စေတနာစကား

“ကျွန်တော်က စေတနာနဲ့ပြောတာပါ” “ ဒါကျွန်မစေတနာနဲ့ လုပ်ခဲ့တာပါ ၊ စေတနာမရှိရင် ဒါမျိုး မပြောပါ မလုပ်ပါဘူး” စတဲ့ စေတနာရှေ့တန်းတင် အသုံးအနှုံးစကားတစ်ခွန်းကို နေရာအတော်များများမှာ ပုဂ္ဂိုလ်တော်တော်များများဆီကနေ ထပ်ကာထပ်ကာ ကြားရခဲ့ဘူးပါတယ်၊ အထူးအားဖြင့် အဲဒီစကားမျိုးကို ပြောတတ်သူရဲ့ အပြောစကားပဲဖြစ်ဖြစ် အပြုအမူ အလုပ်အကိုင်ပဲဖြစ်ဖြစ် အပြောခံရတဲ့တစ်ဖက်သားအပေါ်မှာ အကျိုးသက်ရောက်မှု မရှိတဲ့အခါ ၊ ဒါမှမဟုတ် ဆိုးကျိုးသက်ရောက်မှု ဖြစ်ပေါ်စေတဲ့အခါမျိုးမှာ အဲဒီ စေတနာ ရှေ့တန်းတင်စကားကို ပိုမိုပြီးကြားရလေ့ ရှိတတ်ပါတယ်။

ကြားရတိုင်း ကြားရတိုင်းလည်း “သြော် သူကစေတနာနဲ့ ပြောခဲ့တာ ပြုခဲ့တာပဲ” ဆိုတဲ့အနေနဲ့ သူ့ စေတနာကို အသိအမှတ်ပြုသောအားဖြင့် မိမိရဲ့နစ်နာထိခိုက်မှုကိုတောင်မှ ဂရုမပြုအားပဲ တစ်ဖက်သားကို အားနာစွာ “သြော် ရပါတယ် ခင်ဗျာ အရေးမကြီးပါဘူး” စသဖြင့် တုန့်ပြန်စကား ဆိုခဲ့ရပေါင်းလည်း နည်းလှမယ် မဟုတ်ပါဘူး။ ကိုယ်တွေ့အနေနဲ့ဆိုရရင်ကိုပဲ မနည်းတော့ပါဘူး။ ပြောရမယ်ဆိုရင် ခံရပါများလွန်းလို့ ထုသားပေသား ကျနေပြီလို့တောင် ဆိုရမလောက်ပါပဲ၊ အဲ . . . အသားကျနေပြီပေါ့လေ။

သို့ပေမယ့် အထက်ကဆိုခဲ့သလို နေရာတော်တော်များများမှာ ပုဂ္ဂိုလ်တော်တော်များများဆီက ထပ်ကာထပ်ကာ ကြားခဲ့ရရာမှာ အမှတ်ထင်ထင်မရှိခဲ့ပေမယ့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဆီက ဒီလိုစေတနာရှေ့တန်းတင်စကားကို ထပ်ကာထပ်ကာကြားရဖန်များလာတဲ့အခါမှာတော့ ဒီစကားအပေါ်မှာ သံသယဝင်လာပါတယ်။ အမှတ်ထင်ထင် ဖြစ်လာပါတယ်။ စေတနာအမှားဆိုတာ ဒီလောက်များသင့်သလား၊တစ်ဦးတစ်ယေက်ရဲ့ စေတနာအမှား ဆိုးကျိုးက ဒီလောက်ထိအောင် တစ်ဖက်သားအပေါ် နစ်နာမှု အကြိမ်ကြိမ် ဖြစ်စေသင့်သလား စတဲ့ အတွေးမျိုးတွေလည်း ဝင်လာပါတော့တယ်။

မြန်မာတို့အနေနဲ့ ခံယူနာလည်ထားတာက စေတနာဆိုတဲ့စကားဟာ တစ်ဖက်သားအပေါ်မှာ ကောင်းစားစေ လိုတာ၊ တစ်ဖက်သားကြီးပွားချမ်းသာမှုကိုလိုလားတာ၊ ဘေးမရောက်စေလိုတာ၊ တစ်ဖက်သားကိုဖေးမ ပေးကမ်း ကူညီလိုတာစတဲ့ အကောင်းဘက်ကိုသာ ရှေးရှုဦးညွတ်မှုသဘောမျိုးကို စေတနာရယ်လို့ သဘောပေါက်ခံယူ နားလည်ထားကြတာပါ။ ဒီတော့ ဒီလောက်ထိအောင် ကောင်းမြတ်တဲ့အဓိပ္ပါယ်ကို ဆောင်ယူနိုင်စွမ်းရှိတဲ့အနေနဲ့ သတ်မှတ်ထားတဲ့ စေတနာဆိုတဲ့စကားလုံးရဲ့ အလှတရားကို အသရေညှိုးနွမ်းစေနိုင်လောက်အောင် ထပ်တလဲလဲသုံးစွဲနေတဲ့ မှားယွင်းချွတ်ချော်မှုဟာ ဘာရယ်လဲလို့ မစဉ်းစားဘဲ မနေနိုင်အောင်ဖြစ်ရပါတော့တယ်။

အဲ စဉ်းစားမိတဲ့အခါမှာတော့ လေ့လာစူစမ်းလိုစိတ်လည်း ဖြစ်ခဲ့ပါတော့တယ်။ ဒါနဲ့လက်လှမ်းမီရာ စူစမ်းလေ့လာ ဖြစ်တော့ စေတနာဆိုတဲ့စကားလုံးရဲ့ မူလဆင်းသက်ရာပါဠိစာပေမှာ စေတနာရဲ့အဓိပ္ပါယ်ကို မြောက်များစွာ ဖွင့်ဆိုထားတာ တွေ့ရပါတယ်။ အဲဒီအထဲကမှ ဒီနေရာမှာပြောလိုတဲ့ အကြောင်းအချက်နဲ့စပ်ဆိုင်တဲ့ စေတနာရဲ့သဘောတရားကို ပြောပြ လိုပါတယ်။

စာပေများမှာ စေတနာရဲ့ ထူးခြားတဲ့အမှတ်အသားတစ်ခုက စေတနာဟာ စေ့ဆော်တိုက်တွန်းတတ်တဲ့ ဟန်ပန်၊ နှိုးဆော်တတ်တဲ့ ဟန်ပန်ရှိတယ်လို့ ဆိုထားပါတယ်။ ဒါကတော့ စေတနာဆိုတဲ့စကားလုံးရဲ့နောက်ကွယ်က ရှိနေတဲ့အဓိပ္ပါယ်ပါ။ နောက်ပြီး စေတနာဟာ ကြောင့်ကြဗျာပါဒ သဘောတရားရှိတယ်လို့ဆိုပါတယ်။

ကျမ်းဂန်များမှာတော့ ဒီနေရာမှာ ထိမိတဲ့ဥပမာစကားလေးတစ်ခုနဲ့ ဖော်ပြထားပါတယ်။ ကိုယ်တိုင်ထွက်ပြီး နောက်လိုက်ငယ်သား များနဲ့အတူ လယ်ရိတ်တဲ့လယ်ပိုင်ရှင်ဟာ ကိုယ်တိုင်လည်း မနေမနားရိတ်ပြီး ငယ်သားတွေကိုလည်း ရိတ်ဖို့တွန်းကာ ကြောင့်ကြဗျာပါဒ များသလိုပဲလို့ ဖွင့်ပြကြပါတယ်။ နှိုက်နှိုက်နဲနဲ စူးစမ်းလေ့လာတဲ့ပုဂ္ဂိုလ်တွေ အထူးအားဖြင့် စူးစူးစိုက်စိုက် လေ့လာပွားများတဲ့ ပုဂ္ဂိုလ်တို့ရဲ့ အသိဉာဏ်ထဲမှာဆိုရင် စေတနာဟာ စီမံဖန်တီးတတ်တဲ့ တရားလို့ ထင်ရှားစွာသိမြင်နိုင်တယ်လို့ ဆိုထားပါတယ်။

ဒီနေရာမှာပြကြတဲ့ဥပမာကတော့ တပည့်ကြီးဟာ အဝေးကဆရာသမားလာတာကိုမြင်တဲ့အခါ ကိုယ်တိုင်လည်းစာအံပြီး အခြားတပည့်များကိုလည်း ကိုယ်နှင့်အလားတူစာအံဖို့ရန် တိုက်တွန်းသလို၊ စစ်ဗိုလ် ချုပ်ကြီးဟာ ရှေ့တန်းစစ်မျက်နှာမှာ မိမိကိုယ်တိုင်တိုက်ခိုက်သည့်အပြင် လက်အောက်ငယ်သားများကိုလည်း တိုက်ခိုက်ဖို့ရန်စီမံသလို စေတနာဟာလည်း သူနဲ့တွဲယှဉ်ဖက်တရားတွေအပေါ်မှာ ဆိုင်ရာလုပ်ငန်းတာဝန်တွေ လုပ်ဆောင်ဖို့ စီမံတတ်တဲ့သဘောတရားလို့ ထင်မြင်နိုင်ပါတယ်လို့ ဖွင့်ဆိုထားပါတယ်။

ဒီတော့ ဒီဖွင့်ဆိုချက်စကားတွေကိုခြုံကြည့်မယ်ဆိုရင် စေတနာဆိုတာ ကြောင့်ကြဗျာပါဒများတဲ့တရား ၊ စီမံတိုက်တွန်းတတ်တဲ့တရားလို့ ဆိုရမှာပါ။

**“စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊ စေတယိတွာ ကမ္မံ ကရောတိ ကာယေန ဝါစာယ မနသာ”** ဆိုတဲ့ စကားကိုလဲ အများအားဖြင့် ကြားဖူးကြမှာပါ။ အဓိပ္ပါယ်က “စေတနာရဲ့စေ့ဆော်မှုကြောင့် ကိုယ် နှုတ် စိတ်သုံးပါးတို့နဲ့ ကာယကံမှု ဝစီကံမှု မနောကံမှုတွေကို ပြုလုပ်တတ်တဲ့အတွက်ကြောင့် အရင်းခံ အကြောင်းရင်း စေတနာကို ကံလို့ ငါဘုရား ဟောတော်မူတယ်”လို့ ဆိုလိုတာပါ။

ဒီတော့ ကောင်းတဲ့ ကာယကံ ဝစီကံ မနောကံပဲဖြစ်ဖြစ်၊ မကောင်းတဲ့ ကာယကံ ဝစီကံ မနောကံပဲဖြစ်ဖြစ် အကြောင်းရင်းခံ စေတနာ(စေ့ဆော်မှု)ကတော့ ပါရစမြဲ ဖြစ်ပါတယ်။ ဒါကိုကြည့်ရင် စေတနာရဲ့အဓိပ္ပါယ်က အကောင်းအဆိုးနှစ်မျိုးရှိတာကို နားလည်သဘောပေါက်နိုင်မှာပါ။

သို့ပေမယ့် မြန်မာတို့အနေနဲ့ ခံယူထားချက်က အထက်ကဆိုခဲ့သလို စေတနာဆိုတဲ့ စကားလုံးကို ကောင်းတဲ့ဘက်၊ ကောင်းတဲ့အရာတစ်ခုကိုသာ ညွှန်းဆိုပြောဆိုတတ်ကြတာပါ။ အဆိုးဘက်အတွက် မကောင်းတဲ့ အရာအတွက် ပြောဆို သုံးနှုန်းလေ့ မရှိပါဘူး။

တကယ့်အရှိတရားက ဘယ်လိုပင်ရှိနေပါစေ “သင်္ကေတဝစနံ သစ္စံ၊ လောကသမ္မုတိ ကာရဏာ” ဆိုသလို လောကလူသားတို့ သတ်မှတ်လက်ခံထားတဲ့အရာဟာလည်း သမုတိသစ္စာ(သတ်မှတ်မှုအမှန်တရား) အနေနဲ့ အမှန်တရား တစ်ခုအဖြစ် လက်ခံလိုက်နာရမှာပါ။ ချေဖျက်ဖို့ မသင့်သလို ချေဖျက်ကောင်းတဲ့အရာလည်း မဟုတ်ပါ ဘူး။ သူ့ရဲ့ အလှဂုဏ်ကို လည်း မညှိုးနွမ်းစေသင့်ပါ ဘူး။

ဒီနေရာမှာ အထူးပြုပြောလိုတာက စေတနာအမှားဆိုတာ အကြောင်းအရာတစ်ခုအတွက် တစ်ကြိမ် တစ်ခါလောက်သာ ဖြစ်စကောင်းတဲ့အရာပါ။ တစ်ကြိမ်တစ်ခါဆိုရာမှာတောင် ဒီပုဂ္ဂိုလ်တစ်ဦးအပေါ်မှာ တစ်ကြိမ်၊ နောက်ပုဂ္ဂိုလ်တစ်ဦးအပေါ်မှာ တစ်ကြိမ် စသဖြင့် ပုဂ္ဂိုလ်ပေါင်းများစွာအပေါ်မှာ တစ်ကြိမ်တစ်ကြိမ်အနေအထားနဲ့ မှားကောင်းတဲ့ အရာလည်းမဟုတ်ပါဘူး။ ပြောဆိုပြုမူသူ အနေနဲ့ကိုပဲ အကြောင်းအရာတစ်ခုအတွက်ဆိုရင် တစ်ကြိမ်လောက်သာ မှားကောင်းတယ်လို့ ဆိုလိုတာပါ။

ဒီလိုမှမဟုတ်ဘဲ အကြောင်းအရာတစ်မျိုးတည်းကိုပဲ ထပ်ကာထပ်ကာမှားယွင်းစွာ ပြုမူပြောဆိုနေမယ် ဆိုရင်တော့ ဒီလိုပုဂ္ဂိုလ်မျိုးရဲ့စေတနာအမှားဆိုတဲ့ စကားဟာ သံသယပွားစရာ ဖြစ်ပါလိမ့်မယ်။ ဘယ်လိုပဲ စေတနာ ထားပါတယ်ဆိုလာပါစေ အဲဒီစေတနာဆိုတဲ့စကားဟာ အများလက်ခံထားတဲ့ အကောင်းဖက်ကိုညွှန်းဆိုတဲ့ လှပတဲ့ အဓိပ္ပါယ်ရှိတဲ့ စေတနာဖြစ်နိုင်မယ် မဟုတ်ပါဘူး။ မကောင်းတဲ့စိတ်မှာ ယှဉ်တွဲမှီတည်နေတဲ့ အကုသိုလ်စေတနာ (တစ်နည်းပြောရရင်) လောဘ၊ဒေါသ၊ မောဟ၊ ဣဿာ၊ မစ္ဆရိယစတဲ့ အညစ်အကြေးသဘောတရားတွေ လိမ်းကျံ စွန်းထင်းနေတဲ့ စေတနာဆိုးသာ ဖြစ်ပါလိမ့်မယ်။

အဲဒီစေတနာမျိုးကိုတော့ လက်ရှိလက်ခံသုံးနှုန်းနေတဲ့ နေ့စဉ်သုံး စေတနာဆိုတဲ့ စကားလုံးနေရာမှာ လွဲချော်မှားယွင်းစွာ နေရာပေးသင့်မယ် မဟုတ်ပေဘူး။ တကယ်လို့ နေရာပေးခဲ့မယ်ဆိုရင် အမှားပြင်ဆင်ချက်တွေ ပြုလုပ်နေရတာနဲ့ပဲ စေတနာအမှန် အတွက် ပြောဆို ပြုမူအားထုတ်လုပ်ကိုင်ဖို့ အချိန်နဲ့ နေရာ မပေးနိုင်သလို ဖြစ်နေပါလိမ့်မယ်။ တန်ဖိုးကြီးမားလှတဲ့ ဘဝတစ်ခုရဲ့ ကာလယန္တရားကို အချည်းနှီး အလဟဿ တိုက်စားပစ်သလို ဖြစ်နေပါလိမ့်မယ်။

ဒီတော့ ဘယ်လိုပဲဖြစ်ဖြစ် “စေတနာနဲ့ပြောတာပါ ၊တကယ့်ကိုမှ စေတနာစစ်စစ်နဲ့ပါ”လို့ဆိုပြီး စေတနာဆိုတဲ့ စကား တစ်လုံး သုံးနှုန်းတော့မယ်ဆိုရင်

(၁) ငါ့စေတနာဟာ အများလက်ခံသုံးနှုန်းနေတဲ့ အကောင်းဘက်ကိုဦးညွှန်နေတဲ့ လှပသန့်ရှင်းတဲ့ စေတနာဆိုတဲ့ စကားလုံးနဲ့ လိုက်လျောညီထွေရှိတာရော ဟုတ်ရဲ့လား၊

(၂) ဒါမှမဟုတ် စေတနာဆိုတဲ့ လှပတဲ့ စကားလုံးအရေခြုံပြီး တစ်ဖက်သားအပေါ်မှာ တွင်ကျယ်ချင်လိုတဲ့စိတ်မျိုး၊ လွှမ်းမိုးချုပ်ချယ်လိုတဲ့စိတ်မျိုး၊ ချောက်ချတွန်းပို့လိုတဲ့စိတ်မျိုး၊ မနာလိုဝန်တိုတဲ့စိတ်မျိုးမှာ မှီတည်နေတဲ့ စေတနာမျိုးလား ဆိုတာ စဉ်းစားဖို့လိုပါတယ်။

ဒုတိယဓိပ္ပါယ်ကိုညွှန်းဆိုတဲ့ အနေအထားနဲ့ စေတနာဆိုတဲ့စကားကို သုံးနှုန်းခဲ့မယ်ဆိုရင်ဖြင့် လောကနဲ့ ဆန့်ကျင်တဲ့အပြစ်၊ ပညာရှိပုဂ္ဂိုလ်တို့ ကဲ့ရဲ့ဖွယ်ရာအပြစ်၊ လူပုံအလယ်မှာ မတန်မရာ စေတနာဆိုတဲ့ စကားတစ်လုံးကို အရှက်ကင်းမဲ့စွာ သုံးနှုံးနေမိသူ ငါဖြစ်နေပေ့ါလို့ ဆင်ခြင်စဉ်းစားမိဖို့ လိုအပ်လှတာ အမှန်ပါ။

အရှင် ဉာဏိက(ဖရီးမောင့်)